## ဘုရားဖူးသုတရှာကက်သလစ်ကမ္ဘာ အပိုင်း (၆)

## ရောမမြို့ရိုးပြင်မှ စိန်ပေါလ်ဘာစီလီကာကျောင်းတော်ကြီး

## (Basilica di San Paolo Fuori le Mura)

အေဒီ ၆၁ ခုနှစ်တွင် ရောမမြို့တော်သို့ ရောမနိုင်ငံသားတစ်ဦးအဖြစ် တရားစီရင်ခံရန်အတွက် တမန်တော်ကြီးပေါလူးသည် ရောက်ရှိလာခဲ့လေသည်။ အေဒီ ၆၄ ခုနှစ် ရောမမြို့မီးလောင်မှုကြီးတွင် အနည်းစုဖြစ်သော ခရစ်ယာန်များအား မီးရှို့တရားခံအဖြစ်ပုံချခဲ့ပြီးနောက် နေရိုးဘုရင်မင်းသည် ခရစ်ယာန်များအား စတင်ညှင်းပမ်းနှိပ်စက်၍ သတ်ဖြတ်ခဲ့လေသည်။ တဆက်တည်းမှာပင် အေဒီ ၆၅-၆၇ ခုနှစ်အကြား တမန်တော်ကြီးပေါလူးကိုလည်း ခေါင်းဖြတ်ကွက်မျက်ဖို့ အမိန့်ချမှတ်ခဲ့လေသည်။ ဒဏ္ဍာရီအဆိုအရ၊ အဖြတ်ခံလိုက်ရသော တမန်တော်ကြီးပေါလူး၏ ဦးခေါင်းသည် အရှေ့တည့်တည့်သို့ သုံးကြိမ် သုံးခါ ခုန်ခဲ့ပြီး ၎င်း၏ဦးခေါင်းခုန်ရာနေရာတိုင်းမှာ စမ်းရေများထွက်ပေါ်လာသည်ဟု ဆိုကြသည်။ ထို့ကြောင့်လည်း ၎င်းနေရာအား (St Paul at three fountains) ရေပန်းသုံးခါမှ စိန်ပေါလ်ဟု ခေါ်တွင်သမုတ်ကြလေသည်။ တမန်တော်ကြီး သံပေါလူး၏ရုပ်ကလာပ်ကိုတော့ ၎င်း ဦးခေါင်းဖြတ်ခံရသည့်နေရာမှ နှစ်မိုင်အကွာဝေးရှိ လူစီယား(Lucia) ဟုခေါ်သော ခရစ်ယာန်အမျိုးသမီးတစ်ဦး၏ စပျစ်ခြံထဲတွင် မြုပ်နှံသင်္ဂြိုလ်ခဲ့ကြလေသည်။ ထို့နောက် တမန်တော်ကြီး၏နောက်လိုက်များသည် ၎င်းအားမြုပ်နှံထားသော ထိုနေရာအား (*Cella Memoriae*) အောက်မေ့ဖွယ်နေရာအဖြစ် သမုတ်မှတ်တိုင်ထောင်ခဲ့ကြလေသည်။ ထိုအချိန်မှစ၍ ၎င်းနေရာတွင် တမန်တော်ကြီးသံပေါလူးအား အထူးသဒ္ဓါကြည်ညို၍ ဘုရားဖူးနေရာငယ်လေးအဖြစ် ရှေးဦးခရစ်ယာန်များသည် သွားရောက်ဂါဝရပြုကာ ဆုတောင်းပဌနာပြုခြင်းများ ပြုလုပ်လေ့ရှိကြလေသည်။

(*Cella Memoriae*) အောက်မေ့ဖွယ်နေရာအား မှတ်ကျောက်တင်ကာ တမန်တော်ကြီး သံပေါလူး၏အုပ်ဂူပေါ်တွင် အလှူဒကာကြီး ကွန်စတန်တီနိုဘုရင်မင်းမြတ်မှ အေဒီ ၃၂၄ တွင်တည်ထားခဲ့ပြီး ပုပ်ရဟန်းမင်းကြီး စီဘက်စတာ (Sylvester)မှ ကောင်းကြီးပေးဆက်ကပ်ခဲ့လေသည်။ ရောမမြို့ရိုးဟောင်း အပြင်စလေးတွင် တည်ထားသောကြောင့် (Basilica of St. Paul Outside the Walls) ရောမမြို့ရိုးပြင်မှ စိန်ပေါလ်ဘာစီလီကာကျောင်းတော်ကြီးဟု ခေါ်တွင်လာခဲ့လေသည်။ ယနေ့တွင် ဤဘာစီလီကာကျောင်းတော်ကြီးသည် ကြီးမားခန့်ညားသပ်ပယ်လှ၍ ရောမမြို့ရှိ ခရစ်ယာန်ဘာသာဝင်များသာမကဘဲ ကမ္ဘာတဝှမ်းမှ ဘုရားဖူးခရီးသည်များပါ တမန်တော်ကြီးသံပေါလူးအား ဂါဝရပြုကာ ဆုတောင်းပဌနာများ ပြုနေကြလေသည်။

ကျောင်းတော်ကြီး၏ ဗိသုကာနှင့် သမိုင်းကို လေ့လာလိုသူ ကမ္ဘာ့လှည့် ခရီးသွားများလည်း လာရောက်ကြလေသည်။

ယနေ့မြင်တွေ့ဖူးမျှော်နေရသော ကျောင်းတော်ကြီး၏အကျယ်အဝန်းထုထည်အဖြစ်သို့ ချဲ့ထွင်လာခဲ့သော အလှူဒကာရှင်များမှ အေဒီ ၃၈၆မှ ၃၉၅ အတွင်း အင်ပါယာမင်း ပထမ-တေအိုဒိုးစီယပ်စ် (Theodosius I)၊ ဗာလန်တီနီယန် (Valentinian II) ၊နှင့် အာကာဒီအုစ် (Arcadius)တို့ပင်ဖြစ်ကြသည်။ ပုပ်ရဟန်းမင်းကြီး မဟာဂရေဂေါ်ရီ (၅၀၉-၆၀၄)လက်ထက်မှာတော့ ဤဘာစီလီကာကြီးကို အသေးစိတ်ပြုပြင်မွမ်းမံကာ တမန်တော်ကြီး သံပေါလူး၏အုပ်ဂူအပေါ်တည့်တည့်တွင် ဘုရားစင်ကိုတည်ထားပြီး တဆက်တည်းမှာပင် တမန်တော်ကြီးအား လာရောက်ဂါဝရပြုသူများအတွက် ၎င်း၏အုပ်ဂူအားအနီးကပ်ဖူးမျှော်နိုင်ရန်အတွက် စီစဉ်ပေးခဲ့လေသည်။ ထို့နောက် ကျောင်းတော်ကြီးအား ဘုန်းတော်ကြီးဂိုဏ်းတစ်ခုအား စောင့်ရှောက်ထိန်းသိမ်းရန် အပ်နှံခဲ့လေသည်။ ယနေ့မှာတော့ စိန်ဘက်နက်ဒင်းဂိုဏ်းဝင် ဘုန်းတော်ကြီးကျောင်းမှာ ဘာစီလီကာကျောင်းတော်ကြီးနှင့်ကပ်လျက် ရှိပြီး ကျောင်းတော်ကြီးကို လက်ရှိတာဝန်ယူထားကြလေသည်။ အေဒီ ၁၈၃၂ ခုနှစ်မှာတော့ ကျောင်းတော်ကြီး၏ ခေါင်းမိုးပြန်ပြင်ရာမှ အလုပ်သမားတစ်ဦး၏ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွား နှစ်ပေါင်းထောင်ကျော်သက်တမ်းရှိ ဘာစီလီကာကျောင်းတော်ကြီးသည် အားလုံးနီးပါး မီးလောင်၍ ပျက်စီးခဲ့ရပေတော့သည်။ ထို့ကြောင့် ဘာစီလီကာကြီး၏ ဗိသုကာများဖြစ်သော ရှေးဦးခရစ်ယာန်တို့၏လက်ယာ (Paleo-Christian)၊ ဘင်ဇန်တိုင်းလက်ရာ (Byzantine)၊ ရှိုင်နက်ဆမ့်စ်လက်ရာ (Renaissance)နှင့် ဘာရော့ခ် (Baroque) လက်ရာများ ထိခိုက်ပျောက်ဆုံးသွားခဲ့ရပေတော့သည်။

ထို့နောက် ဘာစီလီကာကျောင်းတော်ကြီးအား မူလပုံစံအတိုင်း ပြန်လည်ရရှိအောင် ကမ္ဘာတဝှမ်းမှ သဒ္ဓါရက်ရောမှုများဖြင့် ပြန်လည်ပြုပြင်မွမ်းမံခဲ့လေသည်။ အီဂျစ်ပြည်မှ ကျောက်ချောလုံးကြီးများ ပို့ဆောင်လှူဒါန်းခဲ့ကြသလို၊ ရုရှားနိုင်ငံမှလည်း ကျောင်းတွင်ဗိမာန်ဆောင်အတွက် အဖိုးတန် မလကိုက်များ၊ ပလဒုတ္တာများနှင့် ဝံသဝဏ်ကျောက်များ ပို့ဆောင်လှူဒါန်းခဲ့လေသည်။ ကျောင်းတော်ကြီး၏ အဓိကမျက်နှာစာကိုတော့ အီတလီအစိုးရမှ တာဝန်ယူပေးခဲ့လေသည်။ ၁၈၄၀ ခုနှစ်မှာတော့ ပုပ်ရဟန်းမင်းကြီး ဆဌမမြောက် ဂရေဂေါ်ရီမှ ဘုရားကျောင်းတော်ကြီး၏ ဘုရားစင်ကြီးအား ကောင်းကြီး၍ ပူဇော်ဆက်ကပ်ခဲ့လေသည်။ ၁၉၂၈မှာတော့ ကျောင်းတော်ကြီးအတွင်း ကျောက်ချောလုံးတိုင်ကြီး ၁၅၀ တိုင်ကိုထည့်သွင်းခဲ့လေသည်။

ယနေ့စိန်ပေါလ်ဘာစီလီကာကျောင်းတော်ကြီးအတွင်း တွေ့မြင်ဖူးမျှော်ရင်း လေ့လာစရာများစွာရှိပေသည်။ ကျောင်းတော်ကြီး၏ ဗိသုကာလက်ရာမှာ ၁၉ ရာစုနှစ်တွင် ပြန်လည်ဆောက်လုပ်မွမ်းမံထားသည့်အတွက် Neo-Classicist addition ဟုခေါ်သော ရှေးမူလက်ရာများအတိုင်း အဖိုးတန် မလကိုက်များ၊ ပလဒုတ္တာများနှင့်

ဝံသဝဏ်ကျောက်များဖြင့်ပြည့်နှက်နေအောင် အသစ်ပြန်လည်ဆောက်လုပ်ထားသည့် လက်ရာပင်ဖြစ်ပေသည်။ ရှေးယခင် ကျောင်းတော်ဟောင်းကြီး၏ အကြွင်းကျန်များနှင့်ပေါင်းစပ်၍ ၁၉ ရာစု၊ နှင့် ၂၀ ရာစု၏ လက်ရာများပေါင်းစပ်ထားသည်ကို အံ့မခန်းစွာ ဖူးမြင်ရပေမည်။ လေ့လာရပေမည်။

ဘာစီလီကာကျောင်းတော်ကြီးအတွင်းပိုင်းသို့ မဝင်ခင် အရှေ့မျက်နှာပြင်တွင် စတုရန်းပုံကျ လေးထောင့်ဆင်ဝင်ကြီးကို ၁၉ ရာစုနှစ်တွင် တိုးချဲ့ပြုလုပ်ထားလေသည်။ ၎င်းကို မူလ လက်ရာရှင် လူအီဂျီ ပိုလက်တီ (Luigi Poletti)၏လက်သစ်ရေးမှုပုံစံနောက်လိုက်ကာ ဂူလီအဲမို ကာဒယ်ရီးနီ (Guglielmo Calderini)မှ ဒီဇိုင်းဆွဲခဲ့ခြင်းဖြစ်သည်။ ၎င်းဆင်ဝင်ကြီးမှာ ကော်ရိန်သုပတ်လုံးကြီး ၇၀ ကိုထည့်သွင်းဆောက်လုပ်ထားလေသည်။ ဆင်ဝင်ကြီးအလယ်တည့်တည့်မှာတော့ အီတာလျံပန်းပုပညာရှင်ကြီး ဂျူဇက်ပေ အိုဘီချီ (Giuseppe Obici)မှ စကြင်ကျောက်ဖြူသားဖြင့် ထုဆစ်ထားသော တမန်တော်ကြီး သံပေါလူး၏ဆင်းတုကြီးကို ထုထည်ကြီးမားး၍ ခန့်ညားထည်ဝါစွာ တည်ထားလေသည်။

ထို့နောက် ဘုရားကျောင်းတော်ကြီးတော်ကြီး၏ဝင်ပေါက်အထက်နံရံပေါ်တွင်မူ Mosaic လက်ရာခေါ် ဖန်စီကျောက်များဖြင့်ဖန်တီးထားသော ယေရှုခရစ်တော်နှင့်အတူ၊ ခေါင်းဆောင်တပည့်တော်ကြီး စိန်ပီတာ၊ တမန်တော်ကြီးသံပေါလူး၊ ဓမ္မဟောင်းခေတ်မှ တမန်တော်ကြီးလေးပါးတို့၏ပုံတော်နှင့်အတူ စမ်းရေအရင်းမြစ်ဖြစ်သော သိုးငယ်တော်ပုံတော်တို့အား ရွှေရောင်တဖိန်းဖိန်းနှင့်သပ်ပယ်စွာ ဖူးတွေ့မြင်ရပေမည်။ ၎င်းပုံတော်များကို ၁၉ရာစုတွင် ဖိလစ်ပို အာဂရိကိုလာ (Filippo Agricola)နှင့် နီကိုလာ ကွန်စိုနီ (Nicola Consoni) တို့မှဖန်တီးခဲ့ကြသည်။

ကျောင်းတော်ကြီး၏ အဓိကဝင်ပေါက်တံခါးကြီးမှာ ငွေကိုအောက်ခံထား၍ ကြေးဖြင့်ပြုလုပ်ထားလေသည်။ ၎င်းကို အီတာလျံလူမျိုး အန်တော်နီအို မာရိုင်းနီ (Antonio Maraini)မှ ၁၉၂၉-၁၉၃၁ အကြားပြုလုပ်ခဲ့ပေသည်။ ထိုနောက် ၎င်း၏လက်ယာဘက်တံခါးမှာ (Holy Door) သန့်ရှင်းသောတံခါးတော်ပင် ဖြစ်ပြီး ၂၅ နှစ်မှ တကြိမ် ဖွင့်လေ့ရှိပြီး ကျန်သည့်နှစ်ကာလများတွင် အသေပိတ်ထားလေသည်။ ကျောင်းတော်ကြီး၏ လက်ရှိခေါင်းလောင်းစင်ကြီးကိုတော့ ၁၈၆၀ ခုနှစ်မှ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် ခေါင်းလောင်းကြီး ၇ လုံးရှိသည့်အနက် ၅ လုံးမှာ ၁၁ ရာစုမှ လက်ကျန်မူလခေါင်းလောင်းများဖြစ်ကြသည်။

ကျောင်းတော်ကြီး၏အတွင်းပိုင်းမှာ အင်မတန်မှကျယ်ဝန်း၍ ခမ်းနားသပ်ပယ်လှသည်။ စိန်ပီတာဘာစီလီကာကျောင်းပြီး၊ ဒုတိယမြောက်အကြီးဆုံးဘာစီလီကာကြီးဟု ဆိုကြသည်။ ကျောင်းတွင်း အပေါ်ပိုင်းနံရံတလျှောက်တွင် ခေတ်အဆက်ဆက်မှ ပုပ်ရဟန်းမင်းကြီးများ၏ပုံတော်များကို ရေးဆွဲချိတ်ကပ်ထားလေသည်။

ပထမဆုံးပုပ်ရဟန်းမင်းကြီးဖြစ်သည့် စိန်ပီတာမှစ၍ ယနေ့ခေတ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထိအောင် ပုံတော်များကို ပြည့်ပြည့်စုံစုံဖော်ပြထားပြီး နောက်ထပ် ပုံတော်များထပ်မံရေးဆွဲချိတ်ကပ်နိုင်ရန်အတွက် နေရာကွက်များကိုလည်း ကြိုတင်ပြုလုပ်ထားသည်ကို တွေ့မြင်နိုင်သည်။

ထို့နောက် ဘုရားဖူးခရီးသည်အများစုနှင့် လေ့လာသူများကို ဆွဲဆောင်ထားသည်မှာ မီးဘေးမှလွတ်ကင်းခဲ့သည့် ၅.၅ မီတာအရှည်ရှိ ပါစကားဘုရားတော်တိုင်ခွက်ကြီးပင်ဖြစ်သည်။ ၎င်းကို ၁၁၇၀ခုနှစ်တွင် ပန်းပုပညာရှင် နီကိုလိုဒီအန်ဂျေလို ()နှင့် ပီအဲထရို ဗာဆာလက်တို ()တို့မှ ထုဆစ်ခဲ့ကြသည်။ ၎င်းတိုင်တလျှောက်တွင် သမ္မာကျမ်းစာထဲမှာ ပြယုဇ်များကို ထုဆစ်ပုံဖော်ထားပြီး ၎င်း၏အောက်ခြေမှာတော့ ဒဏ္ဍာရီလာ လူတပိုင်း တရိစ္ဆာန်တပိုင်းသတ္တဝါတို့ဖြင့် ပုံဖော်ထုဆစ်ထားလေသည်။

ကျောင်းတော်ကြီး၏အတွင်းပိုင်းတလျှောက်လုံးတွင်လည်း အင်မတန်မှလက်ရာမြောက်လှသော Mosaic လက်ရာများကို အံ့သြမှင်သက်စွာ ဖူးတွေ့မြင်နိုင်ပါသည်။ အရှေ့ဦးထိပ်ရှိ မုခ်ခုံးကြီးတွင် ယေရှုခရစ်တော်အား ပလ္လင်ပေါ်တွင်ထိုင်နေသည့်ပုံတော်နှင့်အတူ ကျမ်းရေးပုဂ္ဂိုလ်ကြီးများနှင့် တမန်တော်ကြီးများ၏ပုံတော်များကို သပ်ပယ်စွာ ပုံဖော်ထားသည်မှာ အရှေ့တိုင်းဆန်လှပေသည်။ ၎င်းအရှေ့ထိပ်မုခ်ခုံးရှိ များမှာ ၅ရာစုမှ Mosaic မူလများဖြစ်ဖန်တီးထားသည့် Venetian Mosaic ဖြစ်သည့်အတွက် ဗိသုကာလက်ရာများကို လာရောက်လေ့လာသူများအတွက် တမူထူးခြားစွာ ဆွဲဆောင်ထားလေသည်။ ထို့နောက် အင်မတန်မှအရေးကြီးလှသော ကျောင်းတော်ကြီး၏ အလယ်ဗဟိုရုံမှ ဘုရားစင်ကြီးကိုတော့ စကြင်ကျောက်သားကိုအသုံးပြုကာ ၁၂၈၅ ခုနှစ်တွင် အာနိုလ်ဖိုဒီကမ်ဘီအို (Alnolfo di Cambio)မှ ဂေါသစ် (Gothic)ဗိသုကာလက်ရာဖြင့် ပြုလုပ်ခဲ့လေသည်။ ၎င်းဘုရားစင်ကြီးအောက်မှာပင် တမန်တော်ကြီး သံပေါလူး၏အုပ်ဂူရှိလေသည်။

နောက်၊ ဘာစီလီကာကျောင်းတော်ကြီး၏ဘေးရှိ ဘက်နက်ဒင်းအသင်းဂိုဏ်းဝင် ရေးဘုန်းတော်ကြီးကျောင်းကိုလည်း ဝင်ရောက်လေ့လာနိုင်သေးသည်။ ၁၂၀၈ - ၁၂၃၅ အကြားတွင် ၎င်းဘုန်းကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ပြီး Mosaic လက်ရာများဖြင့် အရေးပါလှသော ဘုန်းတော်ကြီးများ၏အတုပွတ္တိများကို ကဗျာစာတမ်းများဖြင့် ရေးထိုးထားသည်ကို နံရံအချို့ပေါ်တွင် တွေ့မြင်နိုင်ပေသည်။ ထို့နောက် ဘေးတဘက်နားရှိ အမှတ်တရပစ္စည်းရောင်းဆိုင်တွင် ဘုန်းတော်ကြီးကျောင်းမှ ထုတ်လုပ်သည့် သဘာဝယိုတွေ၊ နပ်တွေနှင့် ဝိုင်များအပြင်၊ အမှတ်တရလက်ဆောင်များစွာကိုလည်း ဝယ်ယူနိုင်ပေသည်။

မနောအောင်